# တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

# သတ္တမနေ့အစီအစဉ်

## ၉-၁၀-၂၀၂၆ (သောကြာနေ့)

၁။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေးမတက်ရောက်နိုင်သော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) **ဦးထန်ငူ၊ လဟယ်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "လဟယ်မြို့နယ်၊ ဆပွလော်ရှောင်ကျေးရွာနှင့် ခါးငွေးကျေးရွာကြားရှိ သစ္စာချောင်း (၈၀)ပေသံဘောင် ဘေလီတံတား ပြိုကျပျက်စီးမှုအား ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ခ) **ဒေါ်ဆန်းစစ်ရီး၊ လေရှီးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "လေရှီးမြို့၊ မြို့ရှောင်လမ်း(၅)မိုင်အနက် ကျန်ရှိသည့် လမ်းပိုင်းအား လမ်းတာချဲ့ခြင်းလုပ်ငန်း၊ ကျောက်လမ်းနှင့်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဂ) **ဒေါ်မာမာဝင်း၊ ကျွန်းလှမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ကသာမြို့တွင် တိုက်ပွဲများဖြစ်ပွားခဲ့သော်လည်း နေရပ်စွန့်ခွာခြင်းမရှိဘဲ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား/သူများ၏ ပညာရေးအနာဂတ် ဆုံးခန်းတိုင်စေရန် သင်ကြားပေးခဲ့ ကြသော ကသာမြို့နယ်မှ ပညာရေးဝန်ထမ်း ဆရာ/ဆရာမများအား အသိအမှတ်ပြု ချီးမြှင့်ဂုဏ်ပြုပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဃ) **ဦးမြင့်ကျော်၊ မင်းကင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ကလေးဝမြို့၊ အမှတ်(၂)အခြေခံပညာမူလတန်းကျောင်းတွင် လျှပ်စစ်မီးအသုံးပြုနိုင်ရေး သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဆိုလာစနစ်ဖြင့် လျှပ်စစ်ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(င) **ဦးမြင့်လေး၊ မြင်းမူမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "မြင်းမူမြို့နယ် အတွင်း အခြေခံပညာကျောင်း(၉၈)ကျောင်းအနက် ဖွင့်လှစ်နိုင်ခြင်းမရှိသည့် အခြေခံ ပညာကျောင်းများအား ပညာသင်နှစ်အလိုက် အဆင့်ဆင့်တိုးချဲ့ဖွင့်လှစ်ပေးရန်နှင့် လိုအပ်သောဆရာ/ဆရာမများ သင်ထောက်ကူပစ္စည်းများနှင့် အခြားလိုအပ်ချက်များ ဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(စ) **ဦးအောင်နိုင်သူ၊ ခန္တီးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ခန္တီးမြို့၊ လာဝယ် ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျောင်းသားများပြားနေပြီး စာသင်ခန်း လုံလောက်မှုမရှိသဖြင့် (၁၂၀×၃၀)ပေ စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဆ) **ဒေါ်ဆန်းစစ်ရီး၊ လေရှီးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "ထမံသီ- လေရှီး-ဆွမ္မရာလမ်းပိုင်း(၈၀/၆)မိုင်အနက် ဆက်လက် အဆင့်မြှင့်တင်ဆောင်ရွက် ရမည့် လမ်းပိုင်းများရှိ (၁၀)ပေတံတားများအား (GRF)ကဲ့သို့ အနီးစပ်ဆုံး ရန်ပုံငွေ များမှ ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ သိရှိလို ပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဇ) **ဦးစိုင်းအောင်ခမ်း၊ မော်လိုက်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ဟုမ္မလင်း မြို့နယ်အတွင်း လုံခြုံရေးနှင့် အုပ်ချုပ်ရေးအခြေအနေ ကောင်းမွန်လျက်ရှိသော ကျေးရွာများတွင် ဖုန်း၊ အင်တာနက်ဆက်သွယ်ရေး၊ ဝန်ဆောင်မှုကွန်ရက်များ ပြန်လည်ကောင်းမွန်စေရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဈ) **ဦးမြတ်ကို၊ ခန္တီးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "ခန္တီးမြို့၊ ပေါ်မိုင်း ရပ်ကွက်၊ လေယာဉ်ကွင်းအတက်လမ်း၊ လားရှိုးဆီဆိုင်ဘေးမှ အားကစားကွင်းအထိ စံပယ်လမ်း(၁၁၅၀)ပေနှင့် ပေါ်မိုင်းရပ်ကွက် ဈေးလမ်းသွယ်မှ အားကစားကွင်း ပတ်လမ်း ကျန်နေသည့်အပိုင်းထိ (၆၄၀)ပေနှင့် နှင်းဆီလမ်း ပေ(၈၀၀)အား ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလို ပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ည) **ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏**

(၁) "ကလေးမြို့တွင် ကုန်တင်ကားကြီးများ ယာဉ်ရပ်နားစခန်း ကားကွင်းမရှိသေးသဖြင့် အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(၂) "ကလေးမြို့၊ ချမ်းမြေ့အောင်စည်ရပ်ကွက်၊ ပင်လုံလမ်းမတော် သူနာပြုသင်တန်းကျောင်းအနီးရှိ ကားလေးကွင်းအား အဆင့်မြှင့်တင်၍ ကားလေးကွင်းအသစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဋ) **ဦးနောက်တွန်း၊ နန်းယွန်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏**

(၁) "နန်းယွန်းမြို့၊ ပြည်ထောင်စုလမ်းမကြီးလမ်းပိုင်းမှ ဆိုးရွားစွာ ပျက်စီးနေသည့်လမ်း(၁၇၃၀ × ၁၈ × ၉)ပေအား ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(၂) "နန်းယွန်းမြို့၊ အခြေခံပညာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းအဝင်လမ်း(၅၀၀ × ၁၂ × ၆)ပေအား ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

၆။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် စတုတ္ထပုံမှန်အစည်းအဝေး အောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေညာခြင်း။